၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

# မြို့တော်သတင်း

The CITY NEWS

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ | အတွဲ (၃၄)၊ အမှတ် (၁၅၁) | TUE, 22 April, 2025

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကိုကြည့်ခြင်းထက် မိမိအပြစ်ကိုကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့်ဖြစ်၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ



ရောက်ရှိလာသည့်ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။

**ရန်ကုန် ဧပြီ ၂၂**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်ခံဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Air China ၊ Cargo လေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဌမအကြိမ်မြောက် ထပ်မံရောက်ရှိလာသည်။

အဆိုပါ Air China ၊ Cargo လေယာဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကျန်းမာရေးဆေးပစ္စည်းများ စုစုပေါင်း ၃၇၉၀၃ kg ပါရှိပြီး စာ - ၄ သို့

## မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၂၂**

မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မှော်ဘီလေတပ်စခန်း၊ အားကစားခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားရာ တန်းမြင့်သင်တန်းကို တက်ရောက်ခွင့်ရရှိတဲ့အတွက် မိမိကိုယ်မိမိတန်ဖိုးထားဂုဏ်ယူပြီး သင်တန်းမှ သင်ကြားပေးသည်များကို ပိုမိုအလေးထား လေ့လာသင်ယူသွားစေလိုကြောင်း၊ လေကြောင်းသိပ္ပံပညာရပ်တွေကို ထက်မြက်ထူးချွန်စွာ ကြိုးစားအားထုတ် သင်ယူလေ့လာသွားကြဖို့ လိုပါကြောင်း၊ နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးပြောင်းထမ်းဆောင်ကြမယ့် မောင်တို့/မယ်တို့ တတွေရဲ့ လူ့စွမ်းအားအရင်းအမြစ် အပြည့်အဝ ပေါ်ထွက်လာစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ပေါက်လာရေးတို့အတွက် ပြုစုလေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ပြည့်ဝတဲ့ ကျောင်းသား၊ ကျောင်းသူလေးများပီပီ ကိုယ့်အစွမ်းအစကို သင်တန်းမှာ အပြည့်အဝအသုံးချသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လေကြောင်းလူငယ်သင်တန်းသားများအတွက် စာ - ၄ သို့



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

မြို့တော်သတင်း The CITY NEWS

# အယ်ဒီတာ့အာဘော်

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

၂၂ - ၄ - ၂၀၂၅

## နွေအတွက်၊ ရေမခက်ရေး

ပြည်သူအများခံစားနေရသည့် အပူဒဏ်ကား မသေးလှပါ။ ခရမ်းလွန်ရောင်ခြည် ပျံ့နှံ့မှုနှုန်းကလည်း မြင့်မားလှသည်။ ပူပြင်းခြောက်သွေ့သော ရာသီရောက်လာပြီဖြစ်သဖြင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များတွင် မြစ်၊ ချောင်း၊ ရေကန်များ ရေလျော့နည်းလာပြီဖြစ်သည်။

ရေတွင်း၊ ရေကန်များအား လူထုအဖွဲ့အစည်းများဖြင့်သော်လည်းကောင်း၊ စက်ယန္တရားအကူအညီဖြင့်သော်လည်းကောင်း၊ ဒေသဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် သော်လည်းကောင်း ရေချိုအရင်းအမြစ်များ မဆုံးရှုံးစေရန် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများအား ဆည်ဖို့ခြင်း၊ အသစ်တူးဖော်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လူဦးရေ လျင်မြန်စွာတိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် ရေသယံဇာတရှားပါးမှုသည် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

နိုင်ငံအတွက်အရေးကြီးသော စိုက်ပျိုးရေးလုပ်ငန်းအတွက်လည်းကောင်း၊ သောက်သုံးရေအတွက်လည်းကောင်း လိုအပ်သော ရေချိုအရင်းအမြစ်များကို နည်းမျိုးစုံဖြင့် ထိန်းသိမ်းကာ အကျိုးရှိစွာ သုံးစွဲရန်လိုအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက်က တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန်သို့ သွားရောက်၍ တမံများ၊ ရေစုကန်များ၊ ရေစစ်ကန်များ၏ အခြေအနေနှင့် ရေသန့်စင်ပေးမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၍ ကြံ့ခိုင်ရေးနှင့် လုံခြုံရေး၊ ရာသီဥတုကြောင့် ရေပမာဏ ကျဆင်းလာမှုများ စနစ်တကျမှတ်တမ်းပြုစု၍ ရေပြတ်တောက်မှုမရှိအောင် စီမံဆောင်ရွက်ရေး မှာကြားသည်။ ဂျိုးဖြူရေလှောင်ကန်မှ တစ်နေ့လျှင်ရေဂါလန် ၂၇ သန်း ရန်ကုန်မြို့သို့ ပေးပို့လျက်ရှိသည်။ ဂျိုးဖြူရေလှောင်ကန်မှာ ၁၉၃၇ ခုနှစ်ကတည်ဆောက်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ပြီးစီးရာ သက်တမ်း ၈၅ နှစ်ရှိပြီဖြစ်သည်။

မြို့တော်ဝန်ဦးဗိုလ်ဌေးသည် ဧပြီ ၂၁ ရက်ကလည်း ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းအေးရွာ၊ ဘလုတ်ညွန့်၊ စက်ကလေးသမ္မန်ဆိပ်နှင့်စက်ဆန်းပတ်ဝန်းကျင်သို့သွားရောက်၍ သန့်ရှင်းသာယာသပ်ရပ်ရေးနှင့်ဆိပ်ကြီး၊ ဦးမြ၊ ငါးစင်ရပ်ကွက်ရှိ ငါးဧကေ မိုးရေစုကန် ရေသိုလှောင်ထားရှိမှုနှင့်ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအနောက်ရပ်ကွက် ဗဟိုလမ်းရှိ အောင်မင်္ဂလာရေပေးဝေရေးစခန်း ရေဖြန့်ဖြူးပေးဝေမှု အခြေအနေများ အောင်မင်္ဂလာကန်တော်မိုးရေ စုဆောင်းထားရှိမှုများ ကြည့်ရှုစစ်ဆေးသည်။

သို့ဖြစ်ရာ ယနေ့ကြုံတွေ့နေရသော သန့်ရှင်းသောသောက်သုံးရေ ရှားပါးလာခြင်း၊ ရေထွက်များခန်းခြောက်လာခြင်း၊ မြေအောက်ရေများဆုတ်ယုတ်လာခြင်းတို့ကို သက်ဆိုင်ရာများက ပူးပေါင်းပါဝင်ခြင်းဖြင့် အစိမ်းရောင်ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေချင်ကြောင်း။ ။

## ထန်းတပင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး



**ရန်ကုန် ဧပြီ ၂၂**

ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မြို့နယ်အတွင်း အသိပညာပေးခြင်းလုပ်ငန်းများနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက လမုတန်းကြီးကျေးရွာအုပ်စုအတွင်းရှိ နေအိမ်များတွင်မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးတို့အတွက် တစ်အိမ်တက်ဆင်းလိုက်လံစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက လမုတန်းကြီးကျေးရွာအုပ်စုအတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ နေအိမ်များအတွင်း လျှပ်စစ်မီးများအသုံးပြုရာ၌ မီးဘေးလုံခြုံရေး အလေးထား ဆောင်ရွက်သွားကြရန်၊ နေအိမ်အတွင်းမီးချိတ်၊ မီးကပ်၊ သဲပုံး၊ရေပုံးများထားရှိရန်နှင့် မီးသတ်ဆေးဘူးထားရှိရန်၊ မီးကိုအသုံးပြုပြီးပါကလည်း စနစ်တကျ ငြိမ်းသတ်ထားရှိကြရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့ရပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် ကျေးရွာနေပြည်သူများအား အသိပညာပေးဆွေးနွေးကာ နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချမှုရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ဇင်မင်းထိုက် (ထန်းတပင်)**

## ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပေး နှိုးဆော်



**ရန်ကုန် ဧပြီ ၂၂**

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးစနစ်တကျသုံးစွဲရေးအသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ညပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်အောင်ကိုဟိန်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မြို့နယ်နေပြည်သူများအနေဖြင့် လျှပ်စစ်မီး၊ မီးဖိုမီး၊ ဖယောင်းတိုင်မီးများနှင့်ခြင်ဆေးခွေများကို ညအိပ်ချိန်တွင် သတိထား၍ စနစ်တကျငြိမ်းသတ်ရန်၊ လျှပ်စစ်မီးပြတ်တောက်နေသည့်အချိန်တွင် မီးခလုတ်များကို သေချာစွာပိတ်ထားရန်၊ နေအိမ်များအလိုက် မီးသတ်ဆေးဘူးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိဆောင်ရွက်ထားရန်၊ နေအိမ်ခြံဝင်းအတွင်း အမှိုက်များစနစ်တကျရှင်းလင်းထားရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အမြန်ဆက်သွယ်အကြောင်းကြားရမည့်သက်ဆိုင်ရာမီးသတ်ဦးစီးဌာနဖုန်းနံပါတ်များကို လိုက်လံအသိပေးနှိုးဆော်လျက်ရှိသည့်အပြင် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ဈေးများ၊ စက်မှုလက်မှုလုပ်ကိုင်သူများ၊ သင်္ဘောကျင်း(လွှန်းလုပ်ငန်း)များတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပေးဟောပြောခြင်း၊ စစ်ဆေးခြင်းနှင့်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်လျက်ရှိသည်။

**ဝေယံ(ပြန်/ဆက်)**

## ကျောက်ကုန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ကျောက်ကုန်း ဧပြီ ၂၂**

ကျောက်ကုန်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက် ၉ နာရီက မြို့ပေါ် အမှတ် (၂ )ရပ်ကွက် အတွင်းရှိ နေအိမ်အဆောက်အဦများ မီးသုံးစွဲမှုစနစ်တကျရှိစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက် အတွင်းရှိ လူနေအိမ်များ မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြသည်။

**ဝင်းကြိုင်(ကျောက်ကုန်း)**



**တို့အိမ်၊ တို့လမ်း၊ တို့နေထိုင်ရာ အမြဲသန့်ရှင်းစေရေး ပူးပေါင်းမနှေး**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြို့တော်သတင်း

**ထုတ်ဝေသူ** – ဦးဇော်မင်းအောင်
ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
**မြဲ (၀၀၆၉၉)**

**အမှုဆောင်အရာရှိ** – ဦးစောလှဦး
ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)

**အယ်ဒီတာချုပ်** – မြတ်စိုး (လှိုင်)
**တာဝန်ခံအယ်ဒီတာ** – မောင်မောင်လွင်
**အယ်ဒီတာများ** – ထားထားဝင်းနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** – မြင့်ဦးဆွေနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဝါဝါပွင့်နှင့်အဖွဲ့

**သတင်းထောက်ချုပ်** – စောသိန်းဝင်း(မြို့တော်သတင်း)
**အကြီးတန်းသတင်းထောက်** – အောင်မြင့်ဌေး၊ မိုးဝေ
**အငယ်တန်းသတင်းထောက်** – ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊
**ဓာတ်ပုံသတင်းထောက်** – ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက်

**ပုံနှိပ်**– သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချီရေး**– ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြဲ) ၀၀၅၈၃**

မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁ – ၇၅၀၃၆၂၆, yangoncitynews@gmail.com

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၂၁ ရက်အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၆ ဦး ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၅ ဦးအား ရှာဖွေပေးနိုင်ခဲ့ပါသည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပမှတင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက်ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၂၄၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းသာကေတဆိပ်ခံတံတားသို့ ဧပြီ ၂၀ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





**သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာပေချစ်မြတ်နိုးသူများ လက်ဝယ်အရောက် စာအုပ်များငှားပေးခြင်းကို ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်းတို့၌ ဆောင်ရွက်ကြစဉ်။**

**ဖြိုးသီဟ(ခရိုင်ပြန်/ဆက်)**

# ကော့မှူးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဧပြီ ၂၂**

၂၀၂၅ခုနှစ်မေ၅ရက်တွင်ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး စိုးစည်မှူ၊ ခရိုင်မီးသတ်ဦးစီးမှူးကြီးကြပ်မှုဖြင့် ယနေ့နံနက်က ကော့မှူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် မီးဘေးဆော်သြခြင်းများဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးပြည့်ဖြိုးအောင်ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကော့မှူး-ကွမ်းခြံကုန်း - တွံတေးကားလမ်းမကြီးပေါ်တွင် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရပ်ကွက်အတွင်း မီးဘေးကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတ်ယာဉ်တစ်စီးဖြင့် မြို့နယ်အတွင်းရှိပြည်သူများမီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးကိုပေါ့ဆစွာအသုံးမပြုကြစေရေး၊ မီးကို စနစ်တကျအသုံးပြုကြစေရန်၊ မီးဘေးကြောင့်ဖြစ်ပေါ်လာနိုင်သောနောက်ဆက်တွဲဆိုးကျိုးများအားပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကြက်ဥများ ဈေးနှုန်းချိုသာစွာဖြင့် နေ့စဉ်ရောင်းချ

**ရန်ကုန် ဧပြီ ၂၂**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် အခြေခံစားသောက်ကုန်များကို ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်ရေးအတွက် ဈေးများနှင့် လမ်းဆုံလမ်းထောင့်တို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့က အနီးကပ်ကြီးကြပ်ပြီး ပြည်သူများထံ လက်ဝယ်အရောက် နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် (၈)ရပ်ကွက်၊ အမှတ်(၂)ဈေးတွင် ကြက်ဥ ၇၀၀၀ လုံး၊ (၅)ရပ်ကွက် ယောမင်းကြီးလမ်းတွင် ကြက်ဥ ၇၀၀၀ လုံးတို့ကို တစ်လုံးလျှင် ၃၆၅ ကျပ်ဖြင့် တစ်ဦးလျှင် ၁၀ လုံးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ကြက်ဥ ၁၄၀၀၀ လုံးရောင်းချပေးသည်။

**အေးမဥ္ဇူ**



**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**



ရောက်ရှိလာသည့်ပစ္စည်းများနှင့်အတူ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း နှင့်တာဝန်ရှိသူများ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

**(စာ - ၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ**

ရန်ကုန်မြို့သို့ ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု၍ လက်ခံကြိုဆိုကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ နေပြည်တော်သို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဓွဲ့ထက်ကို**

**(ပြန်/ဆက်)**






ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေနှင့်အရန်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်စဉ်။





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ ပြသထားသည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**(စာ - ၁) မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ**

ချီးမြှင့်ငွေနှင့် အားကစားပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ မော်ဘီလေတပ်စခန်း၊ လေတပ်စခန်းမှူး ဗိုလ်မှူးကြီး ရဲဇော်က လက်ခံရယူသည်။

ဆက်လက်၍ တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးက လေကြောင်းလူငယ်သင်တန်းသားများအတွက် သင်တန်းသား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ မော်ဘီလေတပ်စခန်း၊ ဒုတိယလေတပ်စခန်းမှူး ဗိုလ်မှူးကြီး အောင်ကျော်စိုးက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြသထားသည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သင်တန်းတွင် လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ၊ Airfiend Procedure၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတုဗေဒ၊ ဓာတိမာန်၊ လက်တွေ့ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ RC Flight Simulator ဘာသာရပ်များကို သင်တန်းသား၊ သင်တန်းသူ ၆၁ ဦးအား ရက်သတ္တပတ် ငါးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အလားတူ ရန်ကုန်သင်တန်းစခန်း၊ အခြေခံလေကြောင်းလူငယ်သင်တန်းကို လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်တွင် သင်တန်းသား၊ သင်တန်းသူ ၆၅ ဦးဖြင့် လည်းကောင်း၊ ကိုကိုးကျွန်းသင်တန်းစခန်း၊ အခြေခံလေကြောင်းလူငယ်သင်တန်းကို ကိုကိုးကျွန်း လေတပ်စခန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးဖြင့် လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဓွဲ့ထက်ကို(ပြန်/ဆက်)**



လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝိုင်းထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် အသင်းသား ၃၉ ဦးအား ငွေကျပ် ၅၇၆ သိန်း ထုတ်ချေးခြင်းကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။

ဘိုဘို



ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် အသင်းသား၊ အသင်းသူ ၃၇ ဦးအား ငွေကျပ်သိန်း ၃၉၀ ထုတ်ချေးခြင်းအခမ်းအနားကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ပိန္နဲကုန်းကျေးရွာ၌ ဆောင်ရွက်စဉ်။

စိန်လွင်(ကျေးလက်)



လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွေ့လျားရေသန့်စင်စက် (Mobile Water Purification Vehicle) ကို အသုံးပြုပြီး အချိန်နှင့်တပြေးညီ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၂၂ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ငွေကြီးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်စဉ်။

မောင်ခိုင်

# အင်းစိန်မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် မေ ၂၂**

မေ ၅ ရက်၌ ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်အတွင်းရှိ မာရ်အောင်မြင် ဆုတောင်းပြည့်စေတီတော်တွင် ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားရင်ပြင်ပေါ်တွင် အမှိုက်များရှင်းခြင်း၊ ရေဆေးခြင်းနှင့် ဘုရားအနီးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သစ်ပင်၊ သစ်ကိုင်းများရှင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm



# မြောက်ဥက္ကလာပမြို့နယ် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ရန်ကုန် မေ ၂၂**

မြောက်ဥက္ကလာပမြို့နယ်၌ အများပြည်သူများသို့ ကြက်ဥများ ဈေးနှုန်းချိုသာစွာဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းသတ်မှတ်နေရာများတွင် ရောင်းချကြသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံး ၃၆၅ ကျပ်နှုန်းဖြင့် ကြက်ဥအလုံးရေ ၂၁၀၀၀ လုံးကို မြို့နယ်အတွင်းရှိ (ဆ)ရပ်ကွက်၊ မေဓာဝီလမ်း၊ (ရွှေပေါက်ကံ/၁၄)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ (ည)ရပ်ကွက်၊ ဘုမ္မာလမ်း၊(ရွှေပေါက်ကံ/၁၂)ရပ်ကွက်၊ အောင်ရာဇာလမ်းတို့တွင် တာဝန်ရှိသူများက စနစ်တကျဖြန့်ဝေရောင်းချပေးရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းဆောင်ရွက်

**ရန်ကုန် မေ ၂၂**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၂ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၀)ရပ်ကွက်ရှိ ဒဂုံရွှေပြည်ဈေးအတွင်း ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ (၃၀) ဈေးအတွင်း ဈေးဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းတို့ ဆောင်ရွက်သည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အမှတ်(၃၀) ဒဂုံရွှေပြည်ဈေးအတွင်း ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဈေးဆိုင်ခန်းပေါင်း ၈၀ တွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် အမှတ်(၁၆) ရပ်ကွက်အတွင်း အိမ်ခြေ ၁၂၀၊ အိမ်ထောင်စု ၁၅၀ အား တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်ငါးဦး၊ ဈေးဝန်ထမ်းငါးဦးတို့ဖြင့် ပူးပေါင်း ဆောင်ရွက်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် မေ ၂၂**

## ၂၁.၄.၂၀၂၅ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၃၀,၀၀၀** ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး

ငစိန် ကျပ် ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀
ဧည့်မထ ကျပ် ၇၁၀၀၀ - ၇၂၀၀၀- ၇၃၀၀၀
ပေါ်ကွဲ ကျပ် ၁၀၀၀၀၀ - ၁၀၂၀၀၀- ၁၀၃၀၀၀
ပေါ်ဆန်း ကျပ် ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀

### ဆီ(ပိဿာချိန်)

စားအုန်းဆီ(လက်ကား) ကျပ် ၆၇၇၀ - ၇၂၀၀
စားအုန်းဆီ(လက်လီ) ကျပ် ၇၀၁၀ - ၇၅၀၀
ပဲဆီ(လက်ကား/လက်လီ) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၂၀၀၀
နှမ်းဆီ(လက်ကား/လက်လီ)ကျပ် ၁၇၀၀၀-၂၀၀၀၀

### အသား(ပိဿာချိန်)

အမဲသား(ဒိုင်ဈေး) ကျပ် ၂၂၀၀၀
(လက်လီဈေး) ကျပ် ၂၀၀၀၀ -၂၅၀၀၀ - ၂၈၀၀၀
ဝက်သား(ဒိုင်ဈေး) ကျပ် ၂၅၅၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ - ၃၅၀၀၀
ဆိတ်သား (ဒိုင်ဈေး) ကျပ် ၂၅၀၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀

### ကြက်/ဘဲ(ပိဿာချိန်)

မွေးမြူရေးကြက်(ဒိုင်ဈေး) ကျပ် ၁၂၅၀၀ - ၁၄၀၀၀
(လက်လီဈေး) ကျပ် ၁၆၀၀၀ - ၂၀၀၀၀
ဒေသကြက်(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၂၅၀၀၀
(လက်လီဈေး) ကျပ် ၂၄၀၀၀ - ၂၇၀၀၀ - ၃၀၀၀၀
ဘဲ(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀
ဘဲ(လက်လီဈေး) ကျပ် ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀

### ကြက်ဥ/ဘဲဥ(လုံးရေ)- ရောဝတီတိုင်းမှဝင်

ကြက်ဥ(ဒိုင်ဈေး) ကျပ် ၃၅၅
ဘဲဥ ( ဒိုင်ဈေး) ကျပ် ၄၀၀
ကြက်ဥ(လက်လီဈေး) ကျပ် ၃၅၅ - ၃၆၀ - ၃၆၅
ဘဲဥ(လက်လီဈေး) ကျပ် ၄၅၀ - ၅၀၀

### ငါး (ရေချိုရေငန်ပိဿာချိန်)

ငါးမြစ်ချင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၇၅၀၀ - ၈၅၀၀
(လက်လီဈေး) ကျပ် ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀
ငါးကြင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀
(လက်လီဈေး) ကျပ် ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀
ငါးတန် (မြစ်) (ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၂၀၀၀၀
ငါးတန် မွေးမြူရေး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၆၀၀၀
(လက်လီဈေး) ကျပ် ၅၀၀၀ -၁၀၀၀၀
ငါးခူ/ငါးကျည်း (ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ငါးသလောက်(ဒိုင်ဈေး)ကျပ် ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀
(လက်လီဈေး) ကျပ် ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀
ငါးရံ့(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ပင်လယ်ငါး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀
(လက်လီဈေး) ကျပ် ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀
ရွှေငါး ကျပ် ၄၅၀၀ - ၅၅၀၀
ပလာတူး ကျပ် ၅၀၀၀ - ၇၀၀၀
ပုစွန်ကျော့(ဒိုင်ဈေး) ကျပ် ၁၁၀၀၀ - ၁၅၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀

### ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)

ကြက်သွန်နီ(ဒိုင်ဈေး) ကျပ် ၁၀၀၀ - ၁၆၀၀ - ၁၈၀၀
(လက်လီဈေး) ကျပ် ၂၅၀၀ - ၃၅၀၀ - ၄၀၀၀
ကြက်သွန်ဖြူ(ဒိုင်ဈေး)ကျပ် ၅၅၀၀ - ၁၃၀၀၀ - ၁၃၅၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀ -၁၈၀၀၀
အာလူး(ဒိုင်ဈေး) ကျပ် ၃၅၀၀ - ၄၅၀၀
(လက်လီဈေး) ကျပ် ၃၆၀၀ - ၅၀၀၀

### ငရုတ်ခြောက်(ပု)

(ဒိုင်ဈေး) ကျပ် ၁၁၅၀၀ - ၁၂၀၀၀
(လက်လီဈေး) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀

### ငရုတ်ခြောက်(ရှည်)

(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၈၃၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကား ဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရက်စွဲ | ဆန် | | | ဆီ | | ကုန်ခြောက် | | | | | | | | အသား/ငါး | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပေါ်ဆန်း တစ်ပြည် | ဧည့်မထ တစ်ပြည် | ငစိန် တစ်ပြည် | ပဲဆီ ပိဿာ | စားအုန်းဆီ ပိဿာ | ကြက်သွန်နီ ပိဿာ | ကြက်သွန်ဖြူ ပိဿာ | ကုလားပဲ ပိဿာ | မတ်ပဲ ပိဿာ | အာလူး ပိဿာ | ဆား ပိဿာ | ငရုတ်ရှည် ပိဿာ | ငရုတ်ပု ပိဿာ | ကြက်သား ပိဿာ | ဝက်သား ပိဿာ | အမဲသား ပိဿာ | ဆိတ်သား ပိဿာ | ငါးကြင်း ပိဿာ | ငါးမြစ်ချင်း ပိဿာ | ငါးခြောက်အာပြဲ ပိဿာ | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| | ရန်ကုန် | ၂၁-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | ၂၂-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | | | | | | | | | | | | | | | | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဖွီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးစဉ်။

ချိုသန်းညွန့်(ကျေးလက်)



မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ မေ ၂၂ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးစဉ်။

အထွေး



ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝမ်နတ်ကျေးရွာနှင့် ဝမ်အွဲကျေးရွာများတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းပြီးစီးမှုကို မေ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

သော်ဇင်ထူး

# သဘာဝဘေးအန္တရာယ်များနှင့် ကျန်းမာရေးပြဿနာများ

ဒေါက်တာ မြင့်သန်းထွန်း
(ပြည်သူ့ကျန်းမာရေး)

သဘာဝဘေးအန္တရာယ်များသည် နိုင်ငံတစ်ခုသို့မဟုတ် အသိုင်းအဝိုင်းတစ်ခု၏ လူများ၊ ပိုင်ဆိုင်မှုများနှင့် လူမှုအသိုက်အဝန်းများကို သိသိသာသာထိခိုက်ပျက်စီးစေသည့်ရုတ်တရက်အဖြစ်အပျက်များဖြစ်သည်။ သဘာဝဘေးအန္တရာယ်သည် ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်များကို ဖြစ်စေသည့် မထင်မှတ်နိုင်သော၊ အန္တရာယ်ရှိသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် တောမီးလောင်ခြင်းသည် သဘာဝဘေးအန္တရာယ်များဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် သိပ္ပံပညာရှင်များသည် နောက်တစ်ကြိမ် ငလျင်၊ ဆူနာမီ၊ မီးတောင်ပေါက်ကွဲမှု သို့မဟုတ် အခြားသဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာမည်ကို မည်သည့်အချိန်တွင်၊ မည်သည့်နေရာတွင်၊ မည်မျှပြင်းထန်မည်ကို ကြိုတင်ခန့်မှန်းနိုင်ရန် ကူညီပေးမည့် ပဏာမတွက်ချက်မှုအချို့ကို တီထွင်လျက်ရှိသည်။ သို့သော် လက်ရှိကမ္ဘာကြီးတွင် တိကျသော နည်းပညာများလုံးဝမရှိပေ။ သဘာဝဘေးအန္တရာယ်များကြောင့် လူအများထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းများဖြစ်တတ်သည်။ ထို့ပြင် ကျန်းမာရေးအဆောက်အဦများ ပျက်စီးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ကိုယ်တိုင် သဘာဝဘေးအန္တရာယ်ဒဏ်ခံရနိုင်ခြင်းစသည်တို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းသွားနိုင်သည်။

### သဘာဝဘေးအန္တရာယ်ဆိုသည်မှာ

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ **လူတို့၏အားထုတ်မှုကြောင့် မဟုတ်ဘဲ သဘာဝတရားကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်များ**ကို ဆိုလိုသည်။ ဥပမာ-မုန်တိုင်းတိုက်ခြင်း၊ ငလျင်လှုပ်ခြင်းနှင့်ဆူနာမီများ ဖြစ်ပေါ်ခြင်းတို့ဖြစ်သည်။

### သဘာဝဘေးအန္တရာယ်များ၏ အကြောင်းရင်း

သဘာဝဘေးအန္တရာယ်များ၏ အဓိကအကြောင်းအရင်းများမှာ တိမ်ထုအပြောင်းအရွှေ့၊ လ၏လုပ်ဆောင်မှု၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားမှု၊ လေဖိအားနည်းရပ်ဝန်း၊ သမုဒ္ဒရာရေစီးကြောင်းများ ညစ်ညမ်းမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ သတ္တုတူးဖော်မှု၊ ငလျင်လှိုင်းစသည်တို့ကြောင့် ဖြစ်သည်။ လယ်ယာလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ သစ်တောပြုန်းတီးခြင်း စသည်တို့ကြောင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည်။ တောမီးကြောင့် အပင်နှင့်တိရစ္ဆာန်များ ပျက်စီးနိုင်သည်။

### သဘာဝဘေးအန္တရာယ်အချို့

အချို့သော သဘာဝဘေးဆိုးများကို ပုံစံအမျိုးမျိုးဖြင့်ခွဲခြားနိုင်ပါသည်။ ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်များ၊ ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များ၊ မိုးလေဝသဆိုင်ရာ ဘေးအန္တရာယ်များနှင့် ဇီဝဗေဒဆိုင်ရာ ဘေးအန္တရာယ်များဖြစ်သည်။ ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်များသည် မျက်နှာပြင်အထက် သို့မဟုတ် မြေမျက်နှာပြင်အောက်တွင် ပြောင်းလဲမှုများမှဖြစ်ပေါ်လာသော၊ ထိန်းချုပ်မရသော ဖြစ်ရပ်များဖြစ်သည်။ ဥပမာ-ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ ဆူနာမီရေလှိုင်းနှင့် ရေလွှမ်းမိုးခြင်း၊ မြေနိမ့်ဒေသများ ရေလွှမ်းမိုးခြင်း၊ ကမ်းရိုးတန်းဒေသပင်လယ်ဒီရေလွှမ်းမိုးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောင်ပေါ်မှ နှင်းထု၊ ရေခဲထုနှင့် ကျောက်တုံးများတစ်ဟုန်ထိုးလျှောကျခြင်း၊ မြေပြိုခြင်းနှင့်မြေကြီးတွင် ရေစားသဖြင့် ဖြစ်ပေါ်နေသော တွင်းများ စသည်တို့ဖြစ်သည်။ ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်ဟု လူသိများသော ရုတ်တရက်ပြင်းထန်သောဖြစ်ရပ်တစ်ခုသည် မျက်နှာပြင်သို့မဟုတ် လေထုအောက်ရှိရေများ၏ အရည်အသွေး၊ ဖြန့်ဖြူးမှု သို့မဟုတ် ရွေ့လျားမှုမှဖြစ်ပေါ်လာသည့် အခြေအနေတစ်ခုဖြစ်သည်။ ဥပမာ-ဆူနာမီ၊ ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းစသည်တို့ဖြစ်သည်။

မိုးလေဝသဆိုင်ရာ ဘေးအန္တရာယ်များသည် မိုး၊ နှင်း (သို့မဟုတ်) မိုးခေါင်ခြင်းကဲ့သို့ ပြင်းထန်သော ရာသီဥတုအခြေအနေများဖြစ်ပြီး ၎င်းတို့သည် ရာသီဥတုနှင့် ကမ္ဘာ့လေထုဖွဲ့စည်းမှုအပေါ် သက်ရောက်မှုရှိသည်။ ဥပမာ-ဆိုင်ကလုန်းမုန်တိုင်းများ၊ မိုးခေါင်ရေရှားခြင်း၊ အအေးလှိုင်း၊ အပူလှိုင်းများဖြတ်ခြင်း၊ နှင်းမုန်တိုင်းများ၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းစသည်တို့ဖြစ်သည်။ ဇီဝဗေဒဆိုင်ရာ ဘေးအန္တရာယ်များသည် အဏုဇီဝသက်ရှိများ( ဘက်တီးရီးယား သို့မဟုတ် ဗိုင်းရပ်စ်များ)၊ အဆိပ်အတောက်များ သို့မဟုတ် အခြားဇီဝဓာတုပစ္စည်းများကြောင့် ကြီးမားသော ထိခိုက်မှုဖြစ်စေသည့် သဘာဝဖြစ်ရပ်များဖြစ်သည်။ ဇီဝဗေဒဆိုင်ရာဘေးအန္တရာယ်များတွင် ကူးစက်ရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားခြင်း၊ အင်းဆက်ပိုးမွှားများ ကျရောက်ခြင်းနှင့် ဇီဝလက်နက်များပါဝင်သည်။ ဥပမာ-ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါ၊ အီဘိုလာရောဂါ၊ ဇီကာဗိုင်းရပ်စ်၊ ကိုဗစ်-၁၉ စသည်တို့ဖြစ်သည်။

### သဘာဝဘေးအန္တရာယ်များနှင့် ကျန်းမာရေးပြဿနာများ

လူအများထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းမှာ သဘာဝဘေးအန္တရာယ်များကြောင့် တိုက်ရိုက်ခံစားရနိုင်သော ကျန်းမာရေးပြဿနာများဖြစ်သည်။ ကာလကြာရှည်သော သဘာဝဘေးအန္တရာယ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် ခက်ခဲသောအခြေအနေများနှင့် ယာယီကယ်ဆယ်ရေးစခန်းတွင် လူအများ ခိုလှုံနေရသော အခြေအနေများ၌ နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါ အစရှိသည့် နာတာရှည်ရောဂါခံစားနေရသူများ ဆေးပြတ်လပ်ခြင်း၊ ဆေးကုသမှုမရရှိနိုင်ခြင်းတို့ကြောင့် ရောဂါများပိုမိုဆိုးရွားလာစေသည်။

ကူးစက်ရောဂါများ (ဥပမာ-ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ တီဘီရောဂါ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများ၊ ဝက်သက်ရောဂါ၊ အရေပြားယားနာရောဂါများ၊ ခြင်မှတစ်ဆင့် ကူးစက်တတ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည်များ) ပိုမို ကူးစက်ဖြစ်ပွားနိုင်ခြင်းနှင့် ကပ်အသွင်ဖြစ်ပွားစေနိုင်သည်။ ထို့ပြင် ပုံမှန်သုံးစွဲနေကျ ပဋိသန္ဓေတားဆီး ထိုးနှံ/သောက်သုံးခြင်းများ ပြတ်လပ်သွား၍ မလိုလားဘဲ ကိုယ်ဝန်ရရှိနိုင်ခြင်း၊ လုံခြုံမှုမရှိ၍ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများနှင့် လိင်မှတစ်ဆင့်ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။

### သဘာဝဘေးအန္တရာယ်များကြောင့် စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှု

သဘာဝဘေးအန္တရာယ်များသည် လူတစ်ဦးချင်း၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအပေါ် ရေရှည်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုကို မြင်နိုင်သော်လည်း စိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများမှာ သိသာထင်ရှားမည်မဟုတ်ပေ။ ပျက်စီးခြင်းနှင့် အသက်ဆုံးရှုံးခြင်းအဆင့် အပါအဝင် သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုသည် စိတ်ကျန်းမာရေးဆိုင်ရာ ရလဒ်များကို သိသိသာသာသက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် ရေတိုနှင့်ရေရှည်စိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကို သိရှိထားစေချင်သည်။

ရေတိုစိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများတွင် ကနဦးရှော့ (Shock) ရခြင်းနှင့် စိတ်ရှုပ်ထွေးခြင်း (Disorientation) ဖြစ်တတ်ပြီး သဘာဝဘေးအန္တရာယ်တစ်ခုပြီးနောက်တွင် လူများသည် တုန်လှုပ်ချောက်ချားမှုနှင့် တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ရပ်ကို စီမံဆောင်ရွက်ရန် ခက်ခဲသည့် ခံစားချက်များကို ကြုံတွေ့ရတတ်သည်။ အဖြစ်များသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများတွင် ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ ဝမ်းနည်းမှု၊ ဒေါသနှင့် ဝမ်းနည်းမှုတို့ပါဝင်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များသည် အိပ်စက်ခြင်းပုံစံများနှင့် အစာစားချင်စိတ်ကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး အိပ်မပျော်ခြင်းနှင့် စားသောက်မှုအလေ့အထကို ပြောင်းလဲစေနိုင်သည်။ အချို့သောလူများသည် နီးနီးကြားကြားဖြစ်လာပြီး အလွယ်တကူလန့်ဖျပ်သွားကာ စိတ်တိုဒေါသထွက်မှုများ တိုးလာနိုင်သည်။ အချို့သောကိစ္စများတွင် လူတစ်ဦးချင်းစီသည် စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာများကို ရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းအဖြစ် အရက် (သို့မဟုတ်) မူးယစ်ဆေးဝါးကို သုံးစွဲကြပြီး မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများကို ဖြစ်ပေါ်စေသည်။

ရေရှည်စိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများတွင် သဘာဝဘေးဒဏ်ကို ထိတွေ့မိခြင်းသည် စိတ်အနှောင့်အယှက်ဖြစ်စေသော အမှတ်တရများ၊ အိပ်မက်ဆိုးများနှင့် ရှောင်ရှားခြင်းအပြုအမူများ၏ လက္ခဏာရပ်ဖြစ်သော စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုရောဂါ (Post Traumatic Stress Disorder-PTSD) ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျရောဂါများလည်း ပိုမိုဆိုးရွားလာစေနိုင်သည်။ အချို့သောလူများသည် အသက်ရှင်ကျန်ရစ်သူ၏ အပြစ်ကို ကြုံတွေ့ရနိုင်ပြီး အခြားသူများ၏ ဆုံးရှုံးမှုအတွက် တာဝန်ရှိသည်ဟု ခံစားလာရခြင်း (သို့မဟုတ်) ၎င်းတို့၏ ရှင်သန်မှုကို မေးခွန်းထုတ်ခြင်းများ ကြုံတွေ့ရနိုင်သည်။ ထို့ပြင် အိုးအိမ်များ၊ ချစ်ရသူများနှင့် ရင်းနှီးသော အခြေအနေများကို ဆုံးရှုံးခြင်းသည် ကြာရှည်သော ဝမ်းနည်းပူဆွေးမှုကို ဖြစ်စေပြီး သဘာဝဘေးအန္တရာယ်ပြီးနောက် ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေဖြစ်စေရန် ခက်ခဲစေသည်။ နဂိုရှိပြီးသား စိတ်ကျန်းမာရေးအခြေအနေရှိသူ သို့မဟုတ် သိသာထင်ရှားစွာ ဆုံးရှုံးခဲ့ရသူများသည် ဘေးအန္တရာယ်ကြုံတွေ့ပြီးနောက် မိမိကိုယ်ကို သတ်သေနိုင်ခြေကို တိုးမြင့်စေနိုင်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များသည် စိတ်ကျန်းမာရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို နားလည်ခြင်းသည် လူများကို ပြင်ဆင်ခြင်း၊ ရင်ဆိုင်ခြင်းနှင့် ပြန်လည်ကောင်းမွန်လာစေရန် ပိုမိုထိရောက်စွာ ကူညီပေးနိုင်ပါသည်။

### ဦးစားပေးလိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းများ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မိုးလေဝသသတင်းများနှင့် သတိပေးချက်များ၊ ကျန်းမာရေးအဆင့်ဆင့်မှ ထုတ်ပြန်သည့် သတိပေးချက်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် ရပ်ကွက်/ကျေးရွာအတွင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ ယာယီဆေးခန်းများ၊ ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်။ ကူးစက်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာဖြစ်ပွားမှုများကို စောင့်ကြပ်ကြည့်ရှု၍ အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီသတင်းပို့ရမည်။ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး/ထိုးနှံနေသည့် မိမိဒေသမှ ကလေးငယ်များ ရောက်ရှိနေနိုင်သည့် နေရာများကို စုံစမ်း၍ ကာကွယ်ဆေးတိုက်ကျွေး/ ထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းအပါအဝင် မိမိရပ်ကွက်/ ကျေးရွာအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ရမည်။

တီဘီရောဂါကုဆေး သောက်သုံးနေသူများနှင့် အေအာတီ (ART) ဆေးဝါးသောက်သုံးနေသူများ ရောက်ရှိနေသည့် နေရာများကို စုံစမ်း၍ ဆေးဝါးပြတ်လပ်မှုမရှိစေရေးစီစဉ်ဆောင်ရွက်ပေးရမည်။ ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်နှင့် ခြင်လောက်လမ်းနှိမ်နင်းရေး စသည့်ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ထို့ပြင် ကျန်းမာရေးကဏ္ဍထိခိုက်ပျက်စီးမှုစာရင်းများကိုကနဦးသတင်း၊ နောက်ဆက်တွဲသတင်းနှင့် အပြီးသတ်သတင်းများဖြင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်တင်ပြရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိပြည်သူများအားသဘာဝဘေးအန္တရာယ်ဆိုင်ရာကျန်းမာရေးသတိပေးနိုးဆော်ချက်များအတိုင်း ကျန်းမာရေးအသိပညာများ ဖြန့်ဝေပေးရပါမည်။

### သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းခြင်း

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုနှင့်အသေအပျောက်များကိုဖြစ်ပေါ်စေသည့်မမျှော်လင့်ထားသော ကြောက်မက်ဖွယ်ဖြစ်ရပ်တစ်ခုဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ၏ ဥပမာအချို့မှာ ဆိုင်ကလုန်းများ၊ မီးတောင်များ၊ ငလျင်များ၊ ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်သည်။ မြစ်ရေပမာဏပေါ်မူတည်၍ ရေကြီးနိုင်သည်ဟု ခန့်မှန်းနိုင်သည်။ ရေကြီးခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ သိပ္ပံနည်းကျအထောက်အထားများကို အခြေခံ၍ လေဆင်နှာမောင်းများကို ခန့်မှန်းနိုင်သည်။ မှတ်တမ်းများတွင် သမိုင်းဝင်ပုံစံများကို အခြေခံ၍ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ဖြစ်ပျက်မည်ကို ကျွန်ုပ်တို့ခန့်မှန်းနိုင်ပါသည်။ ငလျင်နှင့်မီးတောင်ပေါက်ကွဲမှုကဲ့သို့သော အခြားသော သဘာဝဘေးအန္တရာယ်များကို ခန့်မှန်းရန်မဖြစ်နိုင်ပေ။

စာ (၁၀) သို့



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဂုဏ်ပြုငွေများ ပေးအပ်စဉ်။ (သတင်း-ကျောဖုံး)



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း စားသောက်စရာများ ပေးအပ်စဉ်။ (သတင်း-ကျောဖုံး)



ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးမင်းသန်း သင်တန်းဖွင့် မိန့်ခွန်း ပြောကြားစဉ်။ (သတင်း-ကျောဖုံး)



## လျှင်ဒဏ်သင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး မေ ၂၁**

မတ် ၂၈ ရက်က မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအနေဖြင့် မြန်မာပြည်သူများအတွက် ထိုင်းပြည်သူများ၏ အားဖြည့်မှု၊ ထိုင်းနိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများကို ထိုင်းနိုင်ငံ Royal Thai Air Force မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် မေ ၂၁**

မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ ငလျင်ဒဏ်သင့် နေရာဒေသများသို့ ယနေ့နံနက်ပိုင်းက သွားရောက်လေ့လာကြည့်ရှုပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့က အလှူငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

မန္တလေး မဟာမုနိဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံခြင်းအတွက် အဖွဲ့ဝင်များနှင့် မိသားစုများက ငွေကျပ်သိန်း ၁၀၀၊ ဖြပ္ပမစိုရ် ပရဟိတအသင်းသို့ ငွေကျပ်သိန်း ၁၂၀၊ ကိုးကန့်ဗုဒ္ဓဘာသာ ကျောင်းအတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။(အောက်ပုံ)

ဆက်လက်၍ စစ်ကိုင်းမြို့ရှိ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သာသနာပြုအဆောက်အအုံများ စသည့်နေရာများအား လှည့်လည်ကြည့်ရှု၍ သီတဂူဆရာတော်ထံ ဘက်စုံပြုပြင်ရန် မိသားစုများ၏ စုပေါင်းဒါန ငွေကျပ် ၃၈၄ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း လေကြောင်းလူငယ် သင်တန်းသားများအတွက် ချီးမြှင့်ငွေပေးအပ်ရာ မော်ဘီလေတပ်စခန်း၊ လေတပ်စခန်းမှူး ဗိုလ်မှူးကြီး ရဲဇော် လက်ခံရယူစဉ်။ (သတင်း-ရွှေဖုံး)



တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်မောင်စိုး လေကြောင်း လူငယ်သင်တန်းသားများအတွက် သင်တန်းသား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ မော်ဘီလေတပ်စခန်း၊ ဒုတိယလေတပ်စခန်းမှူး ဗိုလ်မှူးကြီး အောင်ကျော်စိုး လက်ခံရယူစဉ်။ (သတင်း-ရွှေဖုံး)



မြို့တော်ဝန် ဦးဗိုလ်ငွေး ဦးဥတ္တမပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ကျော်ဖုံး)



မြို့တော်ဝန် ဦးဗိုလ်ငွေး အမှတ်(၁၂)မြစ်ထွက်ပေါက် ရေတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ကျော်ဖုံး)

## တောင်ဥက္ကလာပမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလ အဆင့်မြင့်ပန်းချီရေးဆွဲနည်း သင်တန်းအခမဲ့ ဖွင့်လှစ်



**ရန်ကုန် ဧပြီ ၂၂**

တောင်ဥက္ကလာပမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်းကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးတက်ပွားများစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးပြုနိုင်စေရန်၊ အဆင့်မြင့်ပန်းချီရေးဆွဲနည်း အတတ်ပညာရရှိစေရန် အဆင့်မြင့်ပန်းချီရေးဆွဲနည်း အခမဲ့သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေနှင်းက သင်တန်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီးမြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ တောင်ဥက္ကလာပမြို့နယ် အတွင်းရေးမှူး သင်တန်းနည်းပြဆရာ ပန်းချီဆရာ ရှမ်းလေးက သင်တန်းတွင် သင်ကြားမည့်အကြောင်းအရာများနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြ ပန်းချီဆရာမ ဒေါ်ရွှေရည်ဝင်းက သင်တန်းသားများ သင်တန်းမှန်မှန် တက်ရောက်ကြရန်၊ ပန်းချီပညာကို စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းကသင်တန်းသားများအား လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။

သင်တန်းသို့ တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းကာလကို ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း (ပြန်/ဆက်)**

ပူနွေးကမ္ဘာတားဆီးရာ ဖြေရှာတစ်ခု တောပြုစု



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုအသိပညာပေး

**ရန်ကုန် ဧပြီ ၂၂**

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၌ (၇၉)နှစ်မြောက်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမိုးသီဟဇော် ဦးဆောင်၍ အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်သည်။

ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမိုးသီဟဇော် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ သုံးဦးတို့ဖြင့် ကြီးပွားရေးရပ်ကွက်အတွင်းရှိ အိမ်ခြေ ၇၉ လုံးတွင် မီးဘေးအန္တရာယ်စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကြကြောင်း သိရသည်။

**သိန်းအောင် (ခရိုင်ပြန်/ဆက်)**



ရှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၈၁ သိန်း အသင်းသူ၊ အသင်းသား ၈၅ ဦးအား ဒသမအကြိမ်ထုတ်ချေးခြင်း အခမ်းအနားကို ဧပြီ ၂၂ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ တောင်ကြားကျေးရွာ၌ ကျင်းပစဉ်။

မောင်ခိုင်



မန္တလေးလျှောင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ဇမ္ဗူသီရိမြို့နယ်တွင် ငလျင်ဘေးဒဏ်ခံစားနေရသည့် အလျင်လိုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဧပြီ ၂၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ရွှေ့လျားရေသန့်စက်ကြီးဖြင့် သောက်ရေသန့်များ ဖြန့်ဝေစဉ်။

ရဲဝင်းနိုင် (ညောင်ဦး)

**CITY FM Radio Station**

**မြို့တော်အသံလွှင့်ဌာန**

၂၂-၄-၂၀၂၅(အင်္ဂါနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | နှလုံးသားထဲကသံစဉ်များ |
| ၈:၃၀ | Country Songs |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Duet Songs |
| ၁၀:၃၀ | Weekly Sport Album |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | သီလိုရာမေးအားပေးနှစ်သိမ့် |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်မှဖြစ်သောချစ်စကား |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | တမ်းတနေဆဲသီချင်းများ |
| ၃:၃၀ | နှလုံးသားထဲကသံစဉ်များ |
| ၄:၀၀ | ကျန်းမာရေးစကားဝိုင်း |
| ၄:၃၀ | K Pop Songs |
| ၅:၀၀ | Rock Songs |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | သီလိုရာမေးအားပေးနှစ်သိမ့် |
| ၈:၃၀ | Blue Garden |
| ၉:၀၀ | ပြန့်လွှင့်တေးသံမြန်မာသံ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

**CITY FM Radio Station**

**မြို့တော်အသံလွှင့်ဌာန**

၂၃-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | ခံစားတတ်ရင် မင်းအတွက် |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | ရန်ကုန် စာမျက်နှာ |
| ၁၁:၀၀ | မိုဘိုင်းလ်ဖုန်းအနုပညာ |
| ၁၁:၂၀ | English oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၁၂:၃၀ | Song Title Track |
| ၁:၀၀ | ကမ္ဘာတစ်လွှားကသိမှတ်ဖွယ်ရာများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | ရန်ကုန် စာမျက်နှာ |
| ၃:၃၀ | Solo Art |
| ၄:၀၀ | Copy Copy Copy |
| ၄:၃၀ | Hip Hop Time |
| ၅:၀၀ | ခံစားတတ်ရင် မင်းအတွက် |
| ၅:၃၀ | International Modern Music |
| ၆:၀၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၆:၃၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | Hidden Playlist |
| ၈:၃၀ | English Oldies |
| ၉:၀၀ | မြန်မာ့ဂန္တဝင်တေးများ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| ည ၁၀:၀၀မှ ည ၁၁:၀၀ထိ | ညပိုင်းတရားတော်များ |
| နောက်တစ်နေ့ | တစ်နေ့တာ အစီအစဉ်များ |

**စာ (၇) သဘာဝဘေးအန္တရာယ်များမှ**

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သောဘေးအန္တရာယ်များရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန် ခက်ခဲသောဘေးအန္တရာယ်များရှိသည်။ ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေလွှမ်းမိုးခြင်းကဲ့သို့ အချို့သော သဘာဝဘေးအန္တရာယ်များမှာကြိုတင်ခန့်မှန်း၍ ရနိုင်သည်။ သို့ရာတွင် ငလျင်လှုပ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များမှာ ကြိုတင်ခန့်မှန်းရန် ခက်ခဲသည်။ ကြိုတင်ခန့်မှန်း၍ ရနိုင်သော ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ ဘေးအန္တရာယ်များအတွက် မိုးလေဝသသတင်းများကို အမြဲနားထောင်သင့်သည်။ မြန်မာနိုင်ငံတွင် မိုးလေဝသသတင်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်များနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသဖြင့် အဆိုပါ မိုးလေဝသသတင်းများကို အမြဲမပြတ် နားထောင်ပြီး သဘာဝဘေးအန္တရာယ်သတိပေးချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် မိမိဒေသအတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေသော ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့်အခြားဌာနဆိုင်ရာ/အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်။

**သဘာဝဘေးဒဏ်ကို လျှော့ချခြင်း**

အချို့သော သဘာဝဘေးအန္တရာယ်များကို မကာကွယ်နိုင်ပါ။ ၎င်းတို့ကို ဖြစ်စေသော သဘာဝအကြောင်းအရင်းများကြောင့် လူတို့သည် ထိန်းချုပ်၍ မရခြင်းဖြစ်သည်။ သို့သော်သဘာဝဘေးအန္တရာယ်အတွက် စီစဉ်ခြင်း၊ ဖြစ်နိုင်လျှင် ကြိုတင်ကာကွယ်ခြင်းနှင့် လူတို့ကို မည်ကဲ့သို့ အကျိုးသက်ရောက်စေသည်ကို လျှော့ချခြင်းအပါအဝင် ၎င်းတို့၏ အကျိုးဆက်များကို လျှော့ချရန် မဟာဗျူဟာများစွာရှိပါသည်။ သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို လျှော့ချရန် အခြေခံနည်းလမ်းနှစ်ခုရှိသည်။ သဘာဝဘေးအန္တရာယ်တစ်ခုအား သတိပေးစနစ်များဖြင့် ကြိုတင်ခန့်မှန်းနိုင်ပြီး ၎င်းကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများကို ကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြေရှင်းနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးမှုများကို သေချာစွာ စီစဉ်ဆောင်ရွက်ခြင်းဖြင့် ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဥပမာ-မီးတောင်များ၊ ငလျင်ဇုန်များ သို့မဟုတ် ရေလွှမ်းလွင်ပြင်များအနီးတွင် လူများသည် မြို့များကို မဆောက်လုပ်ရန် ဆုံးဖြတ်သင့်သည်။

**သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်း**

ထိရောက်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွင် အန္တရာယ်အကဲဖြတ်ခြင်း၊ ကြိုတင်သတိပေးစနစ်များနှင့် ရပ်ရွာအသိပညာပေးခြင်း အပါအဝင် ထိရောက်သော အစီအမံများလိုအပ်ပါသည်။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းလေ့ကျင့်မှုများ၊ အရေးပေါ်အစီအမံများနှင့် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများသိုလှောင်ခြင်းကဲ့သို့သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ဘေးအန္တရာယ်၏ သက်ရောက်မှုကို လျှော့ချရန်အတွက် အရေးကြီးပါသည်။ နည်းပညာသည် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ဟောကိန်းထုတ်ရာတွင် အရှိန်အဟုန်ကြီးမားလာခဲ့သည်။ သို့ရာတွင် ၎င်းကပ်ဆိုးများကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို ရပ်တန့်ရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် မတူညီသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနည်းပညာများကို စေ့စေ့စပ်စပ်နားလည်သဘောပေါက်ခြင်းသည် လူတစ်ဦးချင်းစီအား ၎င်းအခြေအနေများကို ပိုမိုကောင်းမွန်စွာ ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကူညီပေးပါသည်။

မိုးလေဝသသတင်းများ၊သဘာဝဘေးအန္တရာယ်သတိပေးချက်များနှင့် ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်မကျမီ အချိန်ကတည်းက အစားအစာ၊ သောက်သုံးရေနှင့် ပုံမှန်သောက်သုံးနေကြဖြစ်သည့် ဆေးဝါးများ၊ ပဋိသန္ဓေတားဆေးများ စသည်တို့ကို အသင့်ကြိုတင်စုဆောင်းထားရမည်ဖြစ်ပြီး ဆေးဝါးပြတ်လပ်မှုရှိပါက ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ ဆေးကုသခံယူရပါမည်။ တာဝန်ရှိသူများ၏ ညွှန်ကြားချက်များအတိုင်း မိုးဒဏ်၊ လေဒဏ်ခံနိုင်သော အဆောက်အဦတွင် နေထိုင်ရမည်။ ရာသီဥတုနှင့်လျော်ညီပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ဝတ်စားဆင်ယင်ရပါမည်။ ရေမျောစာများ၊ အမှည့်လွန်အစာများ၊ ယင်နားစာများ မစားရပါ။ အစားအစာများ ယင်မနားစေရန် ဖုံးအုပ်ထားသင့်သည်။ ရေသန့်ဆေးထုပ်/ကလိုရင်းဆေးခပ်ထားသောရေ (သို့မဟုတ်) ကျိုချက်ထားသောရေကိုသာ သောက်သုံးရမည်။

ယင်လုံအိမ်သာကို စနစ်တကျသုံးစွဲပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရမည်။ အစာမစားမီ၊ အစားအစာချက်ပြုတ်ပြင်ဆင်ခြင်းမပြုမီ၊ အိမ်သာသွားပြီးတိုင်းနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရမည်။ အမှိုက်များကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊အမှိုက်ပုံကိုထုံးဖြူးခြင်း စသည်ဖြင့် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ရမည်။ ခြင်ကိုက်မခံရအောင် ဂရုပြုနေထိုင်ရမည်ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို ခြင်ထောင်ဖြင့်သော အိပ်စက်သင့်သည်။ပိုးလောက်လမ်း၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။ မြွေဆိုးအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိမှု အန္တရာယ်များကို ဂရုပြုနေထိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် အဆုတ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမှု စသည့် ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ပြီး ဖြစ်ပွားပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများထံ ပြသရမည်။

**အကြံပြုချက်**

မိုးလေဝသသတင်းများနှင့် သဘာဝဘေးအန္တရာယ်သတိပေးချက်များကို သတိပြုလိုက်နာရမည်။ ကျန်းမာရေးအသိပညာများ၊ ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို ဂရုပြုလိုက်နာ ဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်မကျရောက်မီကတည်းက အရေးပေါ်ဆေးသေတ္တာ၊ အစားအစာ၊ သောက်သုံးရေနှင့်အခြား လိုအပ်သည်များကို ကြိုတင်စုဆောင်းပြင်ဆင်ထားရှိရမည်။ သန့်ရှင်းသောသောက်သုံးရေနှင့် အစားအစာများကိုသာစားသုံးပြီး တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းကူညီရပါမည်။ သဘာဝဘေးအန္တရာယ်အခြေအနေများ၌ပြည်သူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်မှာ အရေးကြီးသကဲ့သို့ ကျန်းမာရေးဝန်ထမ်းများ ဘေးကင်းလုံခြုံရေးမှာလည်း ပိုမိုအရေးကြီးသဖြင့် ဘေးကင်းလုံခြုံရေးကို ဂရုပြုရမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

**Reference**

**1.What Causes Natural Disasters/Learn Important Terms and Concepts**

**2. Mental Health Effects of Natural Disasters**

**3.Standard Health Message (Ministry of Health)**

## မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၂၂**

မြို့တော်သတင်းစာအား ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ်ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန်တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေးအပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ - ၇၅၀၃၆၇၆၊ Fax: 01-7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**

# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို ၂၉-၃-၂၀၂၅ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အောက်ပါအချိန်စာရင်းအတိုင်း ပြန်လည်ကျင်းပ စစ်ဆေးသွားမည်ဖြစ်ပါသည်-

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၁-၆-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

၂။ ယခင် ၂၀၂၅ ခုနှစ် မတ်လအတွင်းက စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံး ဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးမည်ဖြစ်ပါသည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက(မင်းကင်း)၊ အထက (ပန်ဆက်)၊ အထက(၁)တမူး၊ အထက(၂) ရွှေဘို၊ အထက(၁)ရေဦး၊ အထက(ဗန်းမောက်)၊ အထက (ဝန်းသို)၊ အထက(မော်လိုက်)၊ အထက(ကင်းတပ်) နှင့် အထက(အရာတော်) စာစစ်ဌာနများတွင် ဖြေဆိုခဲ့သူများသည် ပြန်လည် ဖြေဆိုရန် မလိုပါ။

၄။ ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော စာစစ်ဌာနများအနက် အောက်ဖော်ပြပါဇယားရှိ စာစစ်ဌာနများသည် ယှဉ်တွဲဖော်ပြထားသော ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဤဇယားတွင်မပါဝင်သော ကျန်စာစစ်ဌာနများမှာ မူလစာစစ်ဌာနများ၌သာ ဖြေဆိုရပါမည် -

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |
| ၂ | အထက-၃၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၃၊ မန္တလေး | အထက-၁၃၊ အထက-၃၊ အထက(ခွဲ)-၈၊ မန္တလေး |
| ၂ | အထက(ခွဲ)-၂၊ မန္တလေး | အထက(ခွဲ)-၂၊ အထက(ခွဲ)-၁၂၊ မန္တလေး |
| ၃ | အထက-၁၂၊ မန္တလေး | အထက-၁၂ ၊ အထက-၁၆၊ မန္တလေး |
| ၄ | အထက-၇၊ မန္တလေး | အထက-၇ ၊ အထက-၃၄၊ မန္တလေး |
| ၅ | အထက-၂၆၊ မန္တလေး | အထက(ခွဲ)-၁၃ ၊ အထက(ခွဲ)-၃၊ မန္တလေး |
| ၆ | အထက-၃၀၊ မန္တလေး | အထက-၂၈ ၊ အထက-၃၀၊ မန္တလေး |
| ၇ | အထက-၂၇၊ မန္တလေး | အထက-၂၇ ၊ အလက-၁၁၊ မန္တလေး |
| ၈ | အထက-၈၊ မန္တလေး | အထက-၈၊ အထက-၂၅၊ အထက-၃၇၊ မန္တလေး |
| ၉ | အထက-၁၁၊ မန္တလေး | အထက-၁၇၊ မန္တလေး |
| ၁၀ | အထက-၂၀၊ မန္တလေး | အထက-၅ ၊ အထက-၁၆၊ မန္တလေး |
| ၁၁ | အထက၊ ပုသိမ်ကြီး | အထက၊ ကျောက်မီး |
| ၁၂ | အထက၊ မတ္တရာ | အထက၊ မြို့သစ် |
| ၁၃ | အထက-၁၊ အမရပူရ | အထက-၂ ၊ အမရပူရ |
| ၁၄ | အထက-၁၊ ကျောက်ဆည် | အထက-၁၊ အထက-၂၊ ကျောက်ဆည် |
| ၁၅ | အထက၊ စဉ့်ကိုင် | ကျောက်ဆည်တက္ကသိုလ် |
| ၁၆ | အထက၊ မြစ်သား | အထက(စက်၊စိုက်၊မွေး)၊ မြစ်သား |
| ၁၇ | အထက-ကူမဲ၊ မြစ်သား | အထက-သာလွန်၊ မြစ်သား |
| ၁၈ | အထက၊ နွားထိုးကြီး | အထက-ဟံမြင့်မိုရ်၊ ကျောက်ဆည် |
| ၁၉ | အထက၊ ဝမ်းတွင်း | အထက-သဲတော၊ ဝမ်းတွင်း |

**နေပြည်တော်ကောင်စီနယ်မြေ**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက၊ ငန်းစပ် | အထက(ခွဲ)-ကျွဲရှင်း |
| ၂ | အထက(၁၂)၊ ဥတ္တရသီရိ | အထက(၁၂)၊ အထက(ခွဲ)-ရွှေနံ့သာ |
| ၃ | အထက၊ ကျည်တောင်ကန် | အထက(ခွဲ)-မင်္ဂလာဒီပ |
| ၄ | အထက-၁၊ ပျဉ်းမနား | အထက-၂၊ ပျဉ်းမနား |
| ၅ | အထက၊ သစ်လေးလုံး | အထက-၅၊ ပျဉ်းမနား |
| ၆ | အထက၊ ညောင်ပင်သာ | အထက-၅၊ ပျဉ်းမနား |
| ၇ | အထက-၇၊ ဇမ္ဗူသီရိ | အထက-၅၊ ဇမ္ဗူသီရိ |
| ၈ | အထက-၁၊ လယ်ဝေး | အထက-၁၊ အထက-၂၊ လယ်ဝေး |
| ၉ | အထက၊သာဝတ္တိ | အထက-သာဝတ္တိ၊ အထက-ပျံချီ |
| ၁၀ | အထက-၁၈၊ ဒက္ခိဏသီရိ | အထက(ခွဲ)-ရန်အောင်မြင် |

၅။ ယခုပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနများတွင် သက်ဆိုင်ရာ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများထံမှ ၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း တိုက်ရိုက်ထုတ်ယူရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ယနေ့စတင် ကစားမည်

**ရန်ကုန် မေ ၂၂**

၂၀ ၂၅- ၂၀ ၂၆ ရာသီမြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁)ကို မေ ၂၂၊ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။


ပြိုင်ပွဲကို မေ ၁ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခုရာသီမြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းကိုးသင်းဖြင့်ကျင်းပမည်ဖြစ်ပြီး အသင်းသစ်အဖြစ် ရန်ကုန်ရှိုင်းရယ် အသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာ သိပ္ပံအသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်အသင်း၊ ဧရာဝတီအသင်း၊ မြဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ YREO အသင်း၊ သစ္စာအားမာန်အသင်း၊ Young Lionesses အသင်းနှင့်ရန်ကုန်ရှိုင်းရယ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁) အဖြစ် မေ ၂၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် အား / ကာသိပ္ပံ၊ ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်နှင့်ဧရာဝတီ၊ မေ ၂၃ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း – ၁ ၌ မြဝတီအသင်းနှင့် YREO ၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်နှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို မေ ၂၂ ရက်မှ စက်တင်ဘာ ၃၀ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက်မှ ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခုနစ်ရက်ကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။ ပြီးစီးခဲ့သည့်ခြောက်ကြိမ်တွင် မြဝတီအသင်းနှင့်အား /ကာ သိပ္ပံအသင်းက သုံးကြိမ်စီ ဖိုလ်စွဲထားသည်။

**အားကစားသတင်းထောက်**



မြဝတီအသင်း လေ့ကျင့်နေစဉ်။

## သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူနွေး၊ ဥတုဘေး

မြို့တော်သတင်း The CITY NEWS



# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်



ဗာတီကန်စီးတီး မေ ၂၂

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်(ပုံ) သည် ဧပြီ ၂၁ ရက် နံနက်ပိုင်း ၇ နာရီ ၃၅ မိနစ်တွင် ရောမမြို့ရှိ ဗာတီကန် နန်းတော်တွင် ကွယ်လွန်သွားပြီဖြစ် ကြောင်း သိရသည်။**

သက်တော် ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးသည် ပြီးခဲ့သည့် လပိုင်းက ဆေးရုံတက်ကုသမှုခံယူ ခဲ့ပြီးနောက် ဗာတီကန်နန်းတော်တွင် နှစ်လခန့် အနားယူရန် ဆရာဝန် များက အကြံပြုပြီး မကြာမီကွယ်လွန် သွားခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးသည် အဆုတ် ရောင်(နမိုးနီးယား)ရောဂါဖြစ်ပွားခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရသည်အထိ အရေးပေါ်အခြေအနေ နှစ်ကြိမ် ကြုံခဲ့ ရကြောင်း ကုသပေးသည့် ဆရာဝန် တစ်ဦးက ပြောသည်။

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် သည် ကက်သလစ်သာသနာခေါင်းဆောင် အဖြစ် ၁၂ နှစ်နီးပါး တာဝန်ယူခဲ့ပြီး အသက် ၂၁ နှစ်အရွယ်ကစ၍ အဆုတ် အစိတ်အပိုင်းအချို့ကို ဖယ်ရှားကုသ ခဲ့ရကြောင်း သိရသည်။

(ref:AP)

# တရုတ်နှင့် ကမ္ဘောဒီးယား တူးမြောင်းစီမံကိန်း သဘောတူ လက်မှတ်ရေးထိုး



ပေကျင်း မေ ၂၂

**တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ သည် ဘေးကင်းစိတ်ချရသည့် စီးပွား ရေးဆောင်ရွက်မှုများ အတူတကွလုပ် ဆောင်ပြီး ပို့ဆောင်ဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖော်ဆောင် ရန် တူးမြောင်းစီမံကိန်းကို သဘောတူ လက်မှတ်ရေးထိုးလိုက်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၁ ရက်တွင် ကြေညာသည်။**

နှစ်နိုင်ငံ ရေမတူးမြောင်းတစ်ခု တည်ဆောက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်း များရလာရန်ကမ္ဘောဒီးယားကမျှော်လင့် လျက်ရှိကြောင်း သိရသည်။

ယင်းသဘောတူညီချက်ကို တရုတ် သမ္မတရှီကျင့်ဖျင်၏ အရှေ့တောင်အာရှ သုံးနိုင်ငံခရီးစဉ်တွင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး ယင်းခရီးစဉ်သည် တရုတ်နှင့် အမေရိကန်အကြား စည်းကြပ်ခွန် ပြဿနာအရေး ရင်ဆိုင်ရချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေး တည်ထောင်ရန် တရုတ်၏ကြိုးပမ်းမှု ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် Funan Techo တူးမြောင်းစီမံကိန်းကို လက်တွေ့ဆောင် ရွက်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုမှုများနှင့်အညီ တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ ၁၈၀ ကီလိုမီတာ ရှည်လျားသည့် တူးမြောင်းစီမံကိန်း၏ ခန့်မှန်းကုန်ကျငွေသည် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၆ ဘီလီယံရှိကြောင်း သိရသည်။

(ref:AFP)

# တရုတ်ရှိ Shein ဖက်ရှင် ထုတ်လုပ်ရေးစက်ရုံများ ဗီယက်နမ်သို့ ရွှေ့ပြောင်း




ဟန္နိုင်း မေ ၂၂

**ကမ္ဘာကျော်ဖက်ရှင်နှင့် အီလက် ထရွန်းနစ်ကုမ္ပဏီကြီးဖြစ်သော Shein ကုမ္ပဏီသည် အမေရိကန်၏ အခွန် မြင့်မားစွာကောက်ခံမှုကို ရှောင်ရှားရန် ဗီယက်နမ်သို့ ထုတ်လုပ်မှုစက်ရုံများ ရွှေ့ပြောင်းနေကြောင်း သိရသည်။**

တရုတ်ရှိ Shein စက်ရုံများရွှေ့ ပြောင်းမှုကြောင့် စက်ရုံများကို မှီခိုနေရ သည့် လုပ်သားများ အခက်ကြုံလာပြီး တရုတ်ပြည်တွင်း၌ Shein ထုတ်ကုန် များ အမှာစာ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

အမေရိကန်သည် တရုတ်ကုန်ပစ္စည်း များကို အကောက်ခွန် ၁၄၅ ရာခိုင်နှုန်း အထိ ကောက်ခံမည်ဆိုသည့် မူဝါဒ ကြောင့် Shein အနေဖြင့် ဗီယက်နမ်က တစ်ဆင့် ပို့မိုတင်ပို့ရန် ရွေးချယ်လာ ခြင်းဖြစ်ပြီး စက်ရုံလုပ်သားအချို့ကမူ ဗီယက်နမ်တွင်ကုန်ပစ္စည်းထုတ်လုပ်ချိန် သည် တရုတ်ထက် အချိန်ပိုမိုကြာမြင့် ကြောင်း ပြောသည်။

လက်ရှိတွင် Shein ကုမ္ပဏီသည် တရုတ်နိုင်ငံ ကွမ်ကျိုးတွင် ယွမ် ၁၀ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ) တန်ဖိုးရှိ ထောက်ပံ့ရေးစင်တာတစ်ခု တည်ဆောက်ရန်စီစဉ်နေကြောင်း သိရ သည်။

(ref:AP)

# စက်ရုပ်များသုံးပြီး ကားထုတ်လုပ်မည်ဟု ဟွန်ဒိုင်း ကြေညာ

ဆိုးလ် မေ ၂၂

**ဟွန်ဒိုင်း ကုမ္ပဏီသည် ကားထုတ်လုပ်ရာတွင် စက်ရုပ်များကို အသုံးပြုသွားမည် ဖြစ်ပြီး အမေရိကန် အခြေစိုက် Boston Dynamics ကုမ္ပဏီက စက်ရုပ်ထောင်ပေါင်း များစွာဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။**

ထို့ပြင် Boston Dynamics ကုမ္ပဏီတွင် ဒေါ်လာ ၂၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည် ဖြစ်ပြီး ကနဦးအနေဖြင့် ဒေါ်လာခြောက်ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြောင်း သိရ သည်။

ကားကုမ္ပဏီများသည် ကားထုတ်လုပ်သည့် လုပ်ငန်းများတွင် စက်ရုပ်များကို တွင်ကျယ်စွာ အသုံးပြုလာကြပြီး ဟွန်ဒိုင်း၏ လက်ရှိကားထုတ်လုပ်သည့် လုပ်ငန်းတွင်လည်း Boston Dynamics ၏ Spot စက်ရုပ်များကို အသုံးပြုနေကာ ယင်းစက်ရုပ်များသည် ကားပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများ ပြုလုပ်နိုင် ကြောင်း သိရသည်။

ယခု ဟွန်ဒိုင်းသည် Atlas လူတူစက်ရုပ်များကို ကားထုတ်လုပ်သည့်လုပ်ငန်း တွင် အသုံးပြုမည်ဖြစ်ပြီး Atlas စက်ရုပ်တွင် လျှပ်စစ်စွမ်းအင်ကို အသုံးပြုထားကာ ယခင်မော်ဒယ်များထက် ပိုအားသန်၍ လေးလံသည့်အရာဝတ္ထုများကိုပါ သယ်ဆောင် နိုင်ကြောင်း သိရသည်။

(ref: Reuters)



# အပူချိန် စံချိန်တင် ပိုလန်တွင် မြင့်တက်

ဝါဆော မေ ၂၂

**ဥရောပတိုက် အပူဆုံးနိုင်ငံဖြစ် သည့် ပိုလန်နိုင်ငံ ကမ်းရိုးတန်း(ပုံ) တွင် အပူချိန်စံချိန်တင်မြင့်တက်နေ ကြောင်း မိုးလေဝသပညာရှင်များက ထုတ်ပြန်သည်။**

အပူချိန်မြင့်တက်မှုကြောင့် ကမ်းခြေကမ်းရိုးတန်းမြို့ဖြစ်သော ဆိုပေါ့ကမ်းခြေသို့ လူများစုပြုံရောက် ရှိလာကြောင်း၊ ပိုလန်အလယ်ပိုင်းနှင့် တောင်ပိုင်းမြို့လေးမြို့တွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက် နေကြောင်း သိရသည်။

မြေထဲပင်လယ်ဒေသသည် ပုံမှန် ထက် ၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ် ပိုမိုပူပြင်းပြီး ဥရောပတစ်တိုက်လုံး ပျမ်းမျှအပူချိန်ထက် ၀ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်စ် ပိုမိုပူလေ့ရှိကြောင်း ကမ္ဘာ့ ရာသီဥတုအဖွဲ့ကြီး(WMO) က ကြေညာ ချက်ထုတ်ပြန်ထားသည်။

ဧပြီတွင် ပုံမှန်မဟုတ်သော ပူနွေး သည့်အပူချိန်နှင့်ပတ်သက်ပြီး စိုးရိမ် မှုများမြင့်တက်နေပြီး ရေရှည်တွင် ကမ္ဘာကြီးပူနွေးလာမှုသည် လူသား များအတွက် အန္တရာယ်အဆင့်အနေ အထားရောက်ရှိလာနိုင်ကြောင်း သိပ္ပံ ပညာရှင်များကပြောသည်။

(ref : Reuters)



**ရဲခေါင် စုစည်းတင်ပြသည်။**

# စေတနာရှင်များ စုပေါင်းပြီး ကျပ်သိန်း ၂၀၀ ကို ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသသို့ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၂**

တောင်ပုလု ဆရာတော် အမှူးထားပြီး သရုပ်ဆောင် အကယ်ဒမီ အေးချမ်းမောင်၊ နေ့သစ်အေးအောင်၊ ဝေဖြိုး၊ စည်သူလွင်း၊ မေသင်းခိုင်၊ ဒါရိုက်တာ အောင်ချမ်းလူနှင့် စေတနာရှင်များ စုပေါင်းပြီး ကျပ်သိန်း ၂၀၀ ကို ဧပြီ ၁၉ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုတွင် အင်းလေးဒေသရှိ လယ်သစ်အောက်ကျေးရွာ၊ ရွှေပြည်သာအထက်ရွာနှင့် ပေပင်အင်းကျေးရွာတို့တွင် နေအိမ် ၁၀ လုံး၊ သလဲဦးအင်းဘုန်းတော်ကြီးကျောင်းနှင့် သလဲဦးအင်းကျေးရွာတွင် ရေရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် အင်းလေး ဖောင်တော်ဦးစံကျောင်းတော် ဘက်စုံမွမ်းမံရန် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**KKYS**



# ကစားပွဲ PLAY ရုပ်ရှင်ဇာတ်ကား အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသ




**ရန်ကုန် ဧပြီ ၂၂**

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးက ဇာတ်လမ်းနှင့် ဇာတ်ညွှန်း ဒီဒီထက်အောင်၊ ရိုက်ကွင်း ဇာတ်ညွှန်း မင်းကိုစိုး(နတ်သံကွင်း)နှင့် ရန်နိုင်ထွန်း၊ ဒါရိုက်တာ အကယ်ဒမီ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးသော "ကစားပွဲ PLAY" ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၅ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ တွင် ပြသမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ကားတွင် အကယ်ဒမီမြင့်မြတ်၊ အကယ်ဒမီ အေးချမ်းမောင်၊ အကယ်ဒမီ မေမြင့်မိုရ်၊ အကယ်ဒမီခြူးလေး၊ သုသု၊ လင်းလင်း၊ ခင်လှိုင်၊ ဆင်မ၊ မိုးမိုး၊ အောင်ခိုင်၊ ညောင်ညောင်၊ သွက်လက်၊ စွမ်းထက်အောင်၊ ဝါဝါအောင်၊ စုရှုင်း၊ ရဲရင့်စည်သူ၊ အောင်လွင်မိုး၊ စည်သူမောင်၊ ဂူးဂူး၊ အောင်သီဟ၊ ဆန္ဒမောင်၊ သားပေါက်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**KKYS**

# အောင်မြတ်သာနှင့် သစ်စုန်းတိုက် ဇာတ်လမ်း ပြသမည်




**ရန်ကုန် ဧပြီ ၂၂**

ထက်ထုတ်လုပ်ရေးက ဇာတ်လမ်းဇေယန(ရာမည)၊ ဇာတ်ညွှန်း ဖိုးကျော် (သန်လျင်)၊ ဒါရိုက်တာ သီဟမင်းညီ ရိုက်ကူးသော "အောင်မြတ်သာနှင့် သစ်စုန်းတိုက်" ဇာတ်လမ်းကို ဧပြီ နောက်ဆုံးပတ်တွင် SHWE Stream Application က ပြသမည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ဝေဖြိုးဟိန်း၊ မင်းတံခွန်၊ အာကာ၊ တိုးတက်အောင်၊ ဦးဥသြ၊ ကောင်းညို့လင်း၊ ညီမင်းခိုင်၊ မမိုးစက်ရှိုင်း၊ မဆုယု နိုင်၊ ဟိန်းစစ်၊ လမင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**KKYS**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ယာဂန်ကလော့ပ် ရက်ဘူးလ်အကြီးအကဲရာထူးတွင် ပျော်ရွှင်နေ



**ဧပြီ ၂၂**

လီဗာပူးနည်းပြဟောင်း ယာဂန်ကလော့ပ်၏ အေးဂျင့်ဖြစ်သူက ကလော့ပ်အနေဖြင့် ရက်ဘူးလ်အုပ်စု၏ ကမ္ဘာလုံးဆိုင်ရာ ဘောလုံး အကြီးအကဲရာထူးတွင် ပျော်ရွှင်နေကြောင်း ပြောကြားခဲ့သည်။

နာမည်ကျော် ဂျာမန်လူမျိုးနည်းပြ ယာဂန်ကလော့ပ်သည် ၂၀၂၃-၂၀၂၄ ရာသီကုန်တွင် လီဗာပူးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ၂၀၂၅ နှစ်စပိုင်းတွင် ရက်ဘူးလ်အုပ်စု၏ ကမ္ဘာလုံးဆိုင်ရာဘောလုံး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သို့သော် ယာဂန်ကလော့ပ်အနေဖြင့် ရက်ဘူးလ်အုပ်စုတွင် မပျော်ရွှင်ဘဲ လာမည့်ရာသီတွင် ဘောလုံးအသင်းတစ်သင်းသင်းကို ကိုင်တွယ်ဖွယ်ရှိနေကြောင်း သတင်းထွက်ပေါ်ခဲ့သည်။

ယင်းအခြေအနေတွင် ဘရာဇီးလ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ကလော့ပ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ယခုအခါ ကလော့ပ်၏ အေးဂျင့်ဖြစ်သူ မက်ကိုဆစ်ကီက "ယာဂန်ကလော့ပ်က ရက်ဘူးလ်ရဲ့ ကမ္ဘာလုံးဆိုင်ရာဘောလုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေရတာကို အရမ်းသဘောကျနေတာပါ။ သူ့အနေနဲ့ အဲဒီအလုပ်မှာ အာရုံအပြည့်စိုက်ထားပြီး အဲဒီမှာ ပျော်ရွှင်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**သူရိန်**

# မန်ယူကို အနိုင်ယူပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲတက်ရောက်ရန် နီကိုးဝီလီယံစ် မျှော်လင့်

**ဧပြီ ၂၂**

ဘီလ်ဘာအိုအသင်း တောင်ပံတိုက်စစ်ကစားသမား နီကိုးဝီလီယံစ်က ယူရိုပါလိဂ် ဆီမီးဖိုင်နယ်တွင် မန်ယူအသင်းကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ရန် မျှော်လင့်နေကြောင်း ပြောကြားခဲ့သည်။

ဘီလ်ဘာအိုအသင်းသည် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တွင် အင်္ဂလန်ထိပ်သီး မန်ယူအသင်းနှင့်တွေ့ဆုံနေပြီး ပထမအကျော့အဖြစ် မေ ၁ ရက်တွင် အိမ်ကွင်းနှင့် ဒုတိယအကျော့အဖြစ် မေ ၈ ရက်တွင် အဝေးကွင်း၌ ကစားရမည်ဖြစ်သည်။

နီကိုးဝီလီယံစ်က "အိုးလ်ထရက်ဖို့ဒ်လို ကြီးကျယ်ခမ်းနားတဲ့ ကွင်းကြီးမှာ ကစားခွင့်ရဖို့က အိပ်မက်တစ်ခုပါပဲ။ ပြီးခဲ့တဲ့ရာသီက ကျွန်တော်တို့ စပိန်ဘုရင့်ဖလားကို ရယူနိုင်ခဲ့တယ်။ ဒီရာသီမှာတော့ ကျွန်တော်တို့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ် တက်ရောက်ထားနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ အနေနဲ့ ယူရိုပါလိဂ်ဗိုလ်လုပွဲကို တက်ရောက်နိုင်ဖို့ မျှော်လင့်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

**သူရိန်**





# ပါတေးကို စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း ဆန္ဒရှိ

**ဧပြီ ၂၂**

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ပါတေးကို စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိနေကြောင်း သိရသည်။

ပါတေးအနေဖြင့် ယခုရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အစောပိုင်း၌ အသင်းကထွက်ခွာရန် သေချာလုနီးပါးရှိခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာတေတာက ပါတေးကို စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း အရိပ်အမြွက် ပြောခဲ့သည်။

လာမည့် ဇွန်တွင် ၃၂ နှစ်ပြည့်မည့် ပါတေးသည် အစောပိုင်းတွင် ဒဏ်ရာပြဿနာနှင့် ကြုံတွေ့ခဲ့ရသဖြင့် အနာဂတ်မသေချာခဲ့သော်လည်း လတ်တလော အသင်းတွင် ခြေစွမ်းပြနေခြင်းဖြစ်သည်။

ဂါနာလက်ရွေးစင် ပါတေးအနေဖြင့် အစောပိုင်းက ဆော်ဒီလိဂ်ကို ပြောင်းရွှေ့ဖွယ်ရှိသည်ဟု သတင်းထွက်ခဲ့ပြီး အသင်းဟောင်း အက်သလက်တီကိုကလည်း ပါတေးကို ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

သို့သော် အာဆင်နယ်အသင်းက ခြေစွမ်းပြသနေသည့် ပါတေးကို စာချုပ်သက်တမ်းတိုးသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

**သူရိန်**

မြို့တော်သတင်း The CITY NEWS



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၆၁၃ တန်၊ အခြားသစ် ၉ ဒသမ ၁၃၉ တန်၊



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

မီးသွေး ၆ ဒသမ ၀၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၄၆၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ဧပြီ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၆၃၄၆၈)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမဝါယမဦးစီးဌာနနှင့် ပူးပေါင်း၍ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၂ ရက်က တာဝွကျေးရွာ၌ ကျင်းပစဉ်။

အထွေး


ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဧပြီ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ဟိန်းထက်စိုး(မလှိုင်)

# ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေး

ရေကြည် ဧပြီ ၂၂

ရေဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်အတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုးနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများသို့ သွားရောက်ကာ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတိရှိရေး၊ လျှပ်စစ်ဝါယာကြိုးများသွယ်တန်းရာတွင် စနစ်တကျ ရှိ/မရှိ၊ မီးပလပ်/ခလုတ်အား ဟောင်းနွမ်းပျက်စီးနေပါက အသစ်လဲလှယ်တပ်ဆင်ရေး၊ မီးသတ်ပစ္စည်းကိရိယာများဖြစ်သော မီးသတ်ဆေးဘူး၊ မီးသတ်ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်များ၊ ရေပုံးများ၊ ရေကန်များ၌ ရေများဖြည့်တင်းကာ အသင့်ထားရှိရန်လိုအပ်ကြောင်းနှင့် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်နိုင်ရေးအတွက် အရေးပေါ်ထွက်ပေါက်များထားရှိရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန် ရှောင်ရန်များ၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထားရှိစေရေးတို့ကို အကြံပြု လမ်းညွှန်မှာကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကျော်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၈ သိန်း အသင်းသား၊ အသင်းသူ ၇၂ ဦးအား ဒသမအကြိမ် ထုတ်ချေးခြင်းကို ဧပြီ ၂၂ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။ ကိုသက်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၅၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၁-၄-၂၀၂၅) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၃-၄-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန


မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကမိုးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)လုပ်ငန်းများကို ဧပြီ ၂၂ ရက်နေ့က တွေ့ရစဉ်။

ဟိန်းထက်စိုး(မလှိုင်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေတောင်မြို့နယ်တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေထုတ်ပေး

**ရွှေတောင် ဧပြီ ၂၂**

ရွှေတောင်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်း



များ၏ ပင်စင်လစာငွေများကို ယနေ့နံနက် ၉ နာရီက စတင်ထုတ်ပေးလျက်ရှိသည်။

ရွှေတောင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိရာ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်း ပင်စင်လစာထုတ်ယူမည့်သူ မြို့ပြပင်စင် ၉၁၀ ဦး၊ ကာကွယ်ရေးပင်စင် ၈၅၆ ဦး၊ နိုင်ငံရေးပင်စင် ၇၅ ဦး၊ ဘဏ်ပင်စင် ၁၇ ဦး စုစုပေါင်း ၁၈၅၈ ဦးရှိကြောင်း သိရသည်။

အဆိုပါ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ ထုတ်ပေးခြင်းကို ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက်ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်သောင့်သက်သာ စိတ်အေးချမ်းစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



# ကြံခင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာ ၁၁၇၂ ဦး စတင်ထုတ်ပေး

**ကြံခင်း ဧပြီ ၂၂**

ကြံခင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစား ၁၁၇၂ ဦးအား ပင်စင်လစာငွေများကို ယနေ့ နံနက် ၆ နာရီတွင် စတင်ထုတ်ပေးလျက်ရှိသည်။

အဆိုပါ အငြိမ်းစားပင်စင်လစာထုတ်ပေးခြင်းကို မြို့နယ်မြန်မာ့စီးပွားရေး ဘဏ်မန်နေဂျာ ဒေါ်ယဉ်ယဉ်မွန်နှင့် ဝန်ထမ်းများက ပင်စင်လစာ လာရောက်ထုတ်ယူရာတွင် အခက်အခဲမရှိစေရန် ပင်စင်စားများ စနစ်တကျထုတ်ယူနိုင်ရေးနှင့် ပင်စင်လစာထုတ်ယူရန် ကိုယ်တိုင်မလာရောက်နိုင်သူအငြိမ်းစားများအနေဖြင့် ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ကြောင်း၊ ထုတ်ယူရန် ကျန်ရှိသူများအား ပင်စင်လစာထုတ်ပေးခြင်းများကို စီစဉ်ဆောင်ရွက်ထုတ်ပေးလျက်ရှိပြီး၊ ပင်စင်လာရောက်ထုတ်ယူကြသည့် မိဘပြည်သူပင်စင်စားများအား အလှူရှင် ဒေါ်ဝင်းဝင်းမြင့်က လိမ္မော်ကျောက်ကျောအအေးဖျော်ရည်များဖြင့် ကုသိုလ်ပြုတိုက်ကျွေးလျက်ရှိသည်။

ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ မြို့ပြပင်စင်စား ၇၇၉ ဦး၊ ကာကွယ်ရေးပင်စင်စား ၃၀၈ ဦး၊ နိုင်ငံရေးပင်စင်စား ၇၅ ဦး၊ ဘဏ်ပင်စင်စား ၁၀ ဦးရှိကြောင်းနှင့် ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ၊ နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၁၂၉၉ ဧရိယာ (၈၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၃၅)၊ မင်္ဂလာသိဒ္ဓိလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်မမကြီး (၁၂/ဗဟန(နိုင်) ၀၅၆၅၀၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် (မိခင်) ဒေါ်မမကြီးသည် (၁၃-၁၁-၂၀၂၂) ရက် နေ့တွင်လည်းကောင်း၊ (ဖခင်) ဦးလွန်းမောင်သည် (၁၃-၁၀-၁၉၉၇) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ဌေးဌေးမြင့်၊ ဦးလှဦး၊ ဒေါ်ကျင်စိန်၊ ဦးစိန်ဝင်း၊ ဦးသီဟန်၊ ဦးစိန်ထိုက်၊ ဒေါ်မြင့်မြင့်စန်းနှင့် ဦးလှဟန်တို့ (၈) ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့အနက် ဦးလှဟန်သည် (၁၀-၄-၂၀၂၀) ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်ဌေးဌေးမြင့် (၈/ရနခ(နိုင်) ၀၂၅၅၈၄)၊ ဦးလှဦး (၁၂/ဗဟန (နိုင်) ၀၅၉၄၇၅)၊ ဒေါ်ကျင်စိန် (၁၂/ဥကတ(နိုင်) ၀၉၂၅၂၈)၊ ဦးစိန်ဝင်း (၁၂/ဗဟန (နိုင်) ၀၅၆၉၀၂)၊ ဦးသီဟန် (၁၂/ဗဟန(နိုင်) ၀၅၈၇၅၄)၊ ဦးစိန်ထိုက် (၁၂/ဗဟန (နိုင်) ၀၇၆၉၈၇)၊ ဒေါ်မြင့်မြင့်စန်း (၁၂/ဗဟန(နိုင်) ၀၆၂၉၆၇) တို့မှ ၎င်းတို့ကိုသာ မွေးဖွားခဲ့ပြီး အခြားမွေးချင်း မောင်နှမ/ ညီအစ်မများနှင့် ကိတ္တိမမွေးစားသား/သမီးများလည်း မရှိပါကြောင်း ၎င်းတို့မောင်နှစ်မ (၇) ဦးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိပါကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးမှတ်ပုံတင်အမှတ် - ၂၅၅/၂၀၂၅ (၇-၃-၂၀၂၅) ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်မမကြီးနှင့် ဦးလှဟန်တို့၏ သေဆုံးမှုလက်မှတ်များ၊ ဦးလွန်းမောင်၏ သေဆုံးမှုလက်မှတ် (မိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နှစ် (၆၀) ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၁၂၉၈ ဧရိယာ (၈၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၃၃)၊ မင်္ဂလာသိဒ္ဓိလမ်း ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးလွန်းမောင် (၁၂/ဗဟန(နိုင်) ၀၆၁၂၅၃)၊ ဦးထွန်းရွှေ (၁၂/ဗဟန(နိုင်) ၀၆၁၄၉၆) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် (ဖခင်) ဦးလွန်းမောင် (၁၂/ဗဟန(နိုင်) ၀၆၁၂၅၃) သည် (၁၃-၁၀-၁၉၉၇) ရက်နေ့တွင်လည်းကောင်း (မိခင်) ဒေါ်မမကြီးသည် (၁၃-၁၁-၂၀၂၂) ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ဌေးဌေးမြင့်၊ ဦးလှဦး၊ ဒေါ်ကျင်စိန်၊ ဦးစိန်ဝင်း၊ ဦးသီဟန်၊ ဦးစိန်ထိုက်၊ ဒေါ်မြင့်မြင့်စန်းနှင့် ဦးလှဟန်တို့ (၈) ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့အနက် ဦးလှဟန်သည် (၁၀-၄-၂၀၂၀) ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်ဌေးဌေးမြင့် (၈/ရနခ(နိုင်) ၀၂၅၅၈၄)၊ ဦးလှဦး (၁၂/ဗဟန (နိုင်) ၀၅၉၄၇၅)၊ ဒေါ်ကျင်စိန် (၁၂/ဥကတ(နိုင်) ၀၉၂၅၂၈)၊ ဦးစိန်ဝင်း (၁၂/ဗဟန (နိုင်) ၀၅၆၉၀၂)၊ ဦးသီဟန် (၁၂/ဗဟန(နိုင်) ၀၅၈၇၅၄)၊ ဦးစိန်ထိုက် (၁၂/ဗဟန (နိုင်) ၀၇၆၉၈၇)၊ ဒေါ်မြင့်မြင့်စန်း (၁၂/ဗဟန(နိုင်) ၀၆၂၉၆၇) တို့မှ ၎င်းတို့ကိုသာ မွေးဖွားခဲ့ပြီး အခြားမွေးချင်း မောင်နှမ/ ညီအစ်မများနှင့် ကိတ္တိမမွေးစားသား/သမီးများလည်း မရှိပါကြောင်း ၎င်းတို့မောင်နှမ (၇) ဦးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိပါကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးမှတ်ပုံတင်အမှတ် - ၂၅၆/၂၀၂၅ (၇-၃-၂၀၂၅) ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဦးလွန်းမောင်၏ သေဆုံးမှုလက်မှတ် (မိတ္တူမှန်)၊ ဒေါ်မမကြီးနှင့် ဦးလှဟန်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နှစ် (၆၀) ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းရွှေ (၁၂/ဗဟန(နိုင်) ၀၆၁၄၉၆) နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/အေ၊ မြေကွက်အမှတ် ၁၉၇၊ (.၁၂၅)ဧက၊ မြေကွက်တည်နေရာအမှတ် - ၂၇၊ သီရိ (၇) လမ်း၊ ၂ ရပ်ကွက် ဦးစိုးမြင့် (-) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဖြစ်သူ ဦးစိုးမြင့်သည် (၁၅-၃-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် (ဇနီး)ဖြစ်သူ ဒေါ်ထွေးတင် (၁၂/လမန(နိုင်) ၀၇၈၈၅၇) မှ တစ်ဦးတည်းသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျွန်မသာလျှင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါကြောင်း၊ ကျွန်မမှအပ အခြားအလားတူ အမွေဆက်ခံမည့် ဇနီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်းနှင့် ယနေ့အချိန်ထိ နောက်အိမ်ထောင်ပြုထားခြင်းလည်း မရှိပါကြောင်း (၉-၁-၂၀၂၅) ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစိုးမြင့်၏ သေဆုံးမှုလက်မှတ် နှစ် (၆၀) မြေငှားဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ မြေကွက်အမှတ် ၆၄၉/ခ၊ မြေကွက်တည်နေရာအမှတ် ၆၄၉/ခ၊ တပင်ရွှေထီးလမ်း၊ ၃၉/ဘီ ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ကြည် (၁၂/ရကန(နိုင်) ၀၅၆၅၈၅) နှစ် (၆၀) မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ကြည်(မိခင်) ကွယ်လွန်နှင့် ဦးလှကြိုင် (ဖခင်) တို့အသီးသီး ကွယ်လွန်သဖြင့် ၎င်းတို့မှ မွေးဖွားသည့် သားသမီးများဖြစ်ကြသော (၁) ဦးမြင့်ဦး (၁၂/ရကန(နိုင်) ၀၃၇၇၆၉)၊ (၂) ဦးမြင့်လွင် (၁၂/ရကန(နိုင်) ၀၅၅၄၀၈)၊ (၃) ဒေါ်ခင်သီတာ (၁၂/ဒဂမ(နိုင်) ၀၀၃၅၂၄)၊ (၄) ဦးမြင့်ကျော်သူ (၁၂/ဒဂမ(နိုင်) ၀၀၇၄၀၀)၊ (၅) ဦးတင်စိုး (၁၂/ဒဂမ(နိုင်) ၀၂၀၄၀၃)၊ (၆) ဦးအောင်မြင့် YGN - ၀၁၅၆၁၉၊ (၇) ဦးစန်းလွင် YGN - ၀၀၁၅၈၇ တို့ သားသမီး (၇) ဦးအနက် သား (၃) ဦးဖြစ်သူ ဦးစန်းလွင်၊ ဦးအောင်မြင့်၊ ဦးတင်စိုးတို့သုံးဦးမှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားကြသဖြင့် ကျန်သားသမီး (၄) ဦးတို့မှ ကွယ်လွန်သူမိဘများမှ မွေးဖွားသည့်သားသမီးများတော်စပ်ကြောင်း ကျန်သေဆုံးသည့် သားသမီးများမှာ လူပျိုကြီးဘဝဖြင့် သေဆုံးခဲ့ကြပြီး ၎င်းတို့တွင် ဇနီး၊ မယား၊ သားသမီးများနှင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း ကျန်မောင်နှစ်မ (၄) ဦးမှာ ကွယ်လွန်သူမိဘများ၏ သားသမီးတော်စပ်ကြောင်း အထက်ပါမြေနှင့် အိမ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိတို့ကျန်မောင်နှစ်မ (၄) ဦးသာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ မိဘများ၏ သေစာရင်း၊ သေဆုံးသူညီအစ်ကိုများ၏ တိုင်းကျန်းမာရေးဦးစီးဌာနရှိ သေစာရင်းထုတ်ပေးခြင်းမရှိကြောင်း ပြန်ကြားစာ၊ ဒဂုံမြောက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ မြေပုံအား လျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ တစ်ထပ်သွပ်မိုးပျဉ်ကာတစ်လုံးရှိပြီး လျှောက်ထားသူများကိုယ်တိုင် နေထိုင်ကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်သီတာ + ၃ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# သန်လျင်မြို့နယ်တွင် အငြိမ်းစားဝန်ထမ်းများအား စားအုန်းဆီများ ရောင်းချမည်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သန်လျင်မြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေး အစီအစဉ်ကို ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ ပင်စင်ထုတ်ယူရာ နေရာများနှင့် ရွှေနဂါးကုန်စုံဆိုင်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ယင်းသို့ စားအုန်းဆီများကို အိမ်တိုင်ရာရောက် ရောင်းချပေးရာတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား) များအား တစ်ဦးလျှင် စားအုန်းဆီ ၂ ပိဿာ ၇၅ ကျပ်သားပါ ၅ လီတာ ကိုင်းပါတစ်ဘူးလျှင် ငွေကျပ် ၂၂၅၀၀ ဖြင့် သက်ဆိုင်ရာ ပင်စင်ထုတ်ယူပြီးကြောင်း အထောက်အထားပြကာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဖြိုးသီဟ(ခရိုင် ပြန်/ဆက်)**



မြို့တော်သတင်း The CITY NEWS



# ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၂**

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူနယ်မြေခံ သင်တန်းကျောင်းတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နယ်မြေခံ သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးမင်းသန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ်၊ဗိုလ်မှူးကြီး သက်ပိုင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီးအား သင်တန်းသားတပ်ခွဲများက အလေးပြုကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ ကျောင်းအုပ်ကြီးက သင်တန်းဖွင့် မိန့်ခွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများက သင်တန်းသား တပ်ခွဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ သင်တန်းသားတပ်ခွဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀၀ ဦးအား ကိုယ်လက်ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်မှု ဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်တိုးချဲ့ရေးဆောင်ရွက်နေမှု မြို့တော်ဝန် ဦးဗိုလ်ဌေး ကွင်းဆင်းကြည့်ရှု



မြို့တော်ဝန် ဦးဗိုလ်ဌေး ဦးဝိစာရလမ်း လမ်းလယ်ကျွန်း ဝဲ/ယာ လမ်းသားတိုးချဲ့နေမှု ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက သာကေတမြို့နယ်၊ ၈ ရပ်ကွက်၊ ရောဝဏ်လမ်း၊ မြခွာညိုအိမ်ရာဝင်းရှိ အမှတ် ၁၂ မြစ်ထွက်ပေါက် ရေတံခါး ရေစီးရေလာကောင်းမွန်ရေးနှင့် ရေမြုပ်ပန့် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေတံခါးဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရောဝဏ်လမ်းရှိ အမှတ် ၁၃ မြစ်ထွက်ပေါက်သို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ မြစ်ထွက်ပေါက်အတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရောဝဏ်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ်၊ ကွန်ကရစ်ဖျော်စက်ရုံဝင်းရှေ့၊ စက်ရုံလမ်း သန့်ရှင်းသာယာသပ်ရပ်စေရေး မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ အမှိုက်၊ သစ်ရွက်ခြောက်ကြွေများ လှည်းကျင်းရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း (ဦးဝိစာရအဝိုင်းနှင့် ရွှေတိဂုံဘုရားလမ်းအကြား) အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ လမ်းလယ်ကျွန်း ဝဲ/ယာ အရှည် ၄၄၄၀ ပေ၊ အကျယ် ၃ ပေရှိ လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်နှင့် လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဦးဝိစာရလမ်းရှိ ဦးဥတ္တမပန်းခြံအတွင်းစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကန်ရေပြင် ကြည်လင်စေရေး အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းရန်၊ ပန်းခြံအတွင်း အမှိုက်များစနစ်တကျ စွန့်ပစ်စေရေး အမှိုက်ပုံးများထားရှိရန်တို့ကို မှာကြားပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်း - သွင်မောင်မောင်**

**ဓာတ်ပုံ - ကျော်သူထက်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) သိကောင်းစရာ

၆၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(ဈ) အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများတွင် အတားအဆီးများ၊ မလွတ်မကင်း အန္တရာယ်ရှိသော အရာများနှင့် အဆောက်အအုံများမှစွန်းထွက်သော အရာများကို ဖယ်ရှားစေခြင်းနှင့် ဖယ်ရှားခြင်း၊

(ည) မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင်၊ ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့် သတ်မှတ်သော ဆေးရောင်များ သုတ်စေခြင်း၊ ဝင်းမခတ်သည့် ခြံမြေကိုဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့် ဝင်းခြံကိုပြုပြင်စေခြင်း၊

(ဋ) ပုဒ်မခွဲ (ည) အရ ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကို ပေးရန် ပိုင်ရှင်သို့မဟုတ် လက်ရှိနေထိုင်သူထံ တောင်းဆိုခြင်း၊

(ဌ) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် အလို့ငှာ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်လိုင်စင်ထုတ်ပေးခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်နွှယ်သည့် အခြားလုပ်ငန်းများကို လိုင်စင်ထုတ်ပေးခြင်း။